# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၁ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၀) ရက်

| ၂၀-၁၀-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၅၂.၈ |
| စင်္ကာပူဒေါ်လာ | ၁၄၇၃.၃ |
| စတာလင်ပေါင် | ၂၃၄၈.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၄၀၁.၃ |
| တရုတ်ယွမ် | ၂၉၀.၄၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၄ |
| အိန္ဒိယရူပီး | ၂၅.၃၄၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၈၃ |
| မလေးရှား ရင်းဂစ် | ၄၄၄.၀၇ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၆၇၂ |
| ထိုင်းဘတ် | ၅၄.၉၅၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၆၄၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ရောင်းလိုအားအကျပ်အတည်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Brahmanbaria ဈေးကွက်တွင် စပါးကုန်သွယ်မှု ၆၀ ရာခိုင်နှုန်း ကျဆင်းခဲ့

- **အထွေထွေသတင်းများ**
  - တရုတ်နိုင်ငံအစိုးရ၏ one-stop အစိုးရဝန်ဆောင်မှုများ မြင့်တင်ရန်ရှိ
  - တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များထုတ်လုပ်မှုနှင့် ရောင်းအား ကမ္ဘာတွင်ထိပ်ဆုံးဖြစ်
  - တရုတ်နိုင်ငံသည် မော်တော်ယာဉ်တင်ပို့မှုတွင် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရောက်ရှိ
  - တရုတ်နိုင်ငံ၏ ဝန်ဆောင်မှု တင်သွင်းမှုနှင့် ပို့ကုန်တန်ဖိုး မြင့်တက်လာ
  - ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ
  - ပြင်သစ်နိုင်ငံက ဂျာမနီနိုင်ငံသို့ ဓါတ်ငွေ့များစတင်ပို့ဆောင်ခြင်း
  - ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

## ရောင်းလိုအားအကျပ်အတည်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Brahmanbaria ဈေးကွက်တွင် စပါးကုန်သွယ်မှု ၆၀ ရာခိုင်နှုန်း ကျဆင်းခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်း Ashuganj ရှိ အကြီးဆုံး စပါးဈေးကွက်ဖြစ်သည့် BOC Ghat တွင် ရောင်းလိုအားအကျပ်အတည်းနှင့် ဈေးနှုန်းမြင့်တက်မှုကြောင့် စပါးရောင်းဝယ်မှု ၆၀ ရာခိုင်နှုန်းကျဆင်းသွားရာ ဆန်စက်များနှင့် ကုန်သည်များကို ဆုံးရှုံးမှုဘက်သို့ တွန်းပို့နေသည့်သဖွယ်ဖြစ်နေပါသည်။

ကုန်သည်များ၏ အဆိုအရ စပါးပေါ်ချိန်တွင် တာကာ ကုဋေပေါင်းများစွာ တန်ကြေးရှိသော စပါးအလေးချိန် maunds တစ်သိန်းကျော်ကို နေ့စဉ်ကုန်သွယ်ပြီး၊ စပါးပေါ်ချိန်ပြင်ပ၌ maunds အလေးချိန် ၅၀,၀၀၀ မှ ၆၀,၀၀၀ ကြား အရောင်းအဝယ် ဖြစ်လေ့ရှိကြောင်း သိရပါသည်။

အောက်တိုဘာလဆန်းမှစတင်၍ ရောင်းလိုအားအကျပ်အတည်းနှင့် စပါးဈေးတက်ခြင်းတို့ကြောင့် နေ့စဉ်ပျမ်းမျှ စပါးတင်း ၂၀,၀၀၀ သာ ရောင်းချနေရပါသည်။ ဤအကျပ်အတည်းမှာ Aman စပါးရိတ်သိမ်းခြင်း မစတင်မီ (နိုဝင်ဘာလ– ဒီဇင်ဘာလမတိုင်မီ) အထိ အနည်းဆုံးတစ်လခန့် ဆက်လက်တည်ရှိနေနိုင်ကြောင်း စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

စပါးဈေးကွက်တွင် BR-28 စပါးတစ် maund ကို တာကာငွေ ၁,၃၅၀ မှ ၁,၃၈၀ ဖြင့် ရောင်းချနေပြီး၊ BR-29 စပါးမှာ တာကာ ၁,၃၂၀ မှ ၁,၃၅၀ ကြား ဖြစ်ပေါ်နေကာ၊ တာကာ ၁၀၀ တိုးလာခြင်းဖြစ်ပါသည်။ သို့သော်လည်း ရောင်းလိုအားအကျပ်အတည်း ကာလကြာရှည်နေပါက ဆန်စက်အများအပြားမှာ ဆန်ဈေးတက်လာခြင်းနှင့်အတူ ပိတ်သွားနိုင်ကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

Brahmanbaria တွင် လယ်သမားများနှင့် ကုန်သည်များသည် Kishoreganj ၊ Mymensingh ၊ Netrokona ၊ Sunamganj ၊ Sylhet နှင့် Habiganj ရှိ လယ်ကွင်းများမှ ထွက်ရှိသောစပါးများကို လှေဖြင့်ဈေးကွက်သို့ သယ်ဆောင်လာလေ့ရှိကြပြီး၊ အလုပ်သမားများ၊ ကုန်သည်များ၊ လယ်သမားများနှင့် ဆန်စက်ပိုင်ရှင်များ အပါအဝင်လူပေါင်း နှစ်ထောင်ခန့်မှာ ဤနေရာတွင် နေ့စဉ်စုရုံးနေလေ့ရှိပါသည်။

ဤဈေးကွက်မှာ ခရိုင်အတွင်းရှိ ဆန်စက်ပေါင်း ၂၅၀ ကျော်ကို အဓိက စပါးပံ့ပိုးပေးနေပြီး၊ ဤဈေးကွက်မှ စပါးဝယ်ယူပြီးနောက် ဆန်စက်များနှင့် ကုန်သည်များက Chattogram နှင့်

Sylhet ခရိုင်များအားလုံးရှိ ဌာနခွဲများနှင့် ဒါကာဌာနခွဲ၏ အချို့ခရိုင်များသို့ ဆန်များကိုဖြန့်ဖြူး ကြပါသည်။

စပါးဈေးတက်မြင့်တက်လာခြင်းကြောင့် ဆန်ဈေးလည်း မြင့်တက်လာပြီး၊ တစ်ပတ်အတွင်း BR-28 ဆန်တစ်အိတ်လျှင် တာကာငွေ ၂,၆၀၀ ဖြင့် ရောင်းချခဲ့ပြီး၊ BR-29 ဆန်ကို တာကာငွေ ၂,၅၅၀ ဖြင့် တာကာငွေ ၂၀ တိုးမြှင့်၍ ရောင်းချခဲ့ပါသည်။

Ashuganj စပါးဈေးမှ ကုန်သည်တစ်ဦးဖြစ်သူ Md Shahjahan က ၎င်းမှာ ကောက်စိုက်လယ်သမားများထံမှ စပါးကိုဝယ်ယူပြီး စပါးဈေးကွက်တွင် ရောင်းချလေ့ရှိကြောင်း၊ လက်ရှိတွင် လယ်သမားများ၏ စပါးကျီများတွင် စပါးများပြတ်လပ်နေကြောင်း၊ ဝယ်လိုအားထက် ရောင်းလိုအား လိုအပ်ချက်ရှိနေသောကြောင့် စပါးဈေးနှုန်း တက်လာခြင်းဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားထားပါသည်။

ဆန်စက်ပိုင်ရှင် Mobarak Hossain က ဆန်ဈေးနှုန်းထက် စပါးဈေးနှုန်း ပိုမိုတက်နေသောကြောင့် ဆန်စက်ပိုင်ရှင်များမှာ ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရကြောင်း၊ စပါးဈေးနှုန်းတက်သကဲ့သို့ ဆန်ဈေးတက်စေရန် ဈေးနှုန်းပြင်ဆင်မည်ဆိုပါက ဆန်တစ်အိတ်၏ ဈေးနှုန်းမှာ တာကာ ၁၀၀ ခန့် တက်လာနိုင်ကြောင်း သုံးသပ်ပြောကြားပါသည်။

Ashuganj အော်တိုဆန်စက်ပိုင်ရှင်များအသင်းမှ အဖွဲ့ဝင် Hasan Imran က "Ashuganj စပါးဈေးတွင် စပါးပြတ်လပ်မှုကြောင့် ဆန်စက်အများအပြား ပိတ်လိုက်ရကာ ဆန်စက်ပိုင်ရှင်များတွင် ဆုံးရှုံးမှုကြီးကြီးမားမားဖြစ်ခဲ့ကြောင်း၊ အကယ်၍ ယခုအကျပ်အတည်းသာ ကြာမြင့်ခဲ့ပါက လာမည့် Aman စပါးရိတ်သိမ်းချိန်တွင် ရောင်းလိုအားအကြပ်အတည်းကို ဦးစားပေးဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ရင်းမြစ်၊ https://www.tbsnews.net/economy/bazaar/supply-crunch-cuts-paddy-trade-60-brahmanbaria-market-513806

ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

........................................................................................................

Agribusiness & Trade

## တရုတ်နိုင်ငံအစိုးရ၏ one-stop အစိုးရဝန်ဆောင်မှုများ မြှင့်တင်ရန်ရှိ

တရုတ်နိုင်ငံ၏ အစိုးရဝန်ဆောင်မှုအဆင့်မြှင့်တင်ရန်အတွက် ဌာနပေါင်းစုံသို့ အကြိမ်ကြိမ်လာရောက်ရန် လိုအပ်သည့်အရာများအတွက် one-stop services agency တစ်နေရာတည်းတွင် ပေးနိုင်သောဝန်ဆောင်မှုအေဂျင်စီများကို မြှင့်တင်ရန် နိုင်ငံတော်ကောင်စီက ဆုံးဖြတ်ခဲ့ကြောင်း (၃-၁၀-၂၂) ရက်နေ့တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်း ၂၀၂၂ နှစ်ကုန်တွင် ဒေသအားလုံးသည် ၎င်းတို့၏သက်ဆိုင်ရာ ဌာနများအကြား ညှိနှိုင်း၍ အနီးကပ်ချိတ်ဆက်ထားသော လုပ်ငန်းယန္တရားများထူထောင်ကာ လုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များအတွက် တစ်ခုတည်းသောအစိုးရဝန်ဆောင်မှု အခြေခံအချက်များစာရင်းပါ လုပ်ငန်းတာဝန်များကို ဖြည့်ဆည်းပေးသင့်ကြောင်း ၂၀၂၅ ခုနှစ်ကုန်တွင် ဒေသအားလုံးတွင် ယင်းတစ်နေရာတည်းတွင်ပေးသည့် ဝန်ဆောင်မှုလွှမ်းခြုံမှုကို ထပ်မံတိုးချဲ့သင့်ပြီး စီးပွားရေးလုပ်ငန်းများနှင့် လူတစ်ဦးချင်းစီအတွက် အဓိကပါဝင်ရမည့်အရာများအား အစိုးရ၏ တစ်နေရာတည်းတွင် တည်ထောင်ထားသည့် ဝမ်းစတော့- one-stop ဝန်ဆောင်မှုများ တိုးချဲ့ပေးအပ်သင့်သည်ဟု ကြေငြာချက်တွင် ဖော်ပြထားပါသည်။

ဈေးကွက်ရှိကစားသမားများအတွက် လိုအပ်သောအချက်အလက် များဖြစ်သည့် လုပ်ငန်းတစ်ခုစတင်ခြင်း၊ လုပ်ငန်းလည်ပတ်ခွင့်၊ ဝန်ထမ်းခေါ်ယူမှု၊ အိမ်ခြံမြေစာရင်းသွင်းခြင်းနှင့် ပယ်ဖျက်ခြင်းမှတ်ပုံတင်ခြင်းများကို တစ်နေရာတည်းတွင် one-stop basis ဖြင့်ဝင်ရောက်ကြည့်ရှုနိုင်ပါပြီဖြစ်ကြောင်း လူတစ်ဦးချင်းစီအတွက်လိုအပ်သော မွေးကင်းစမှတ်ပုံတင်ခြင်း၊ လိုက်လျောညီထွေရှိသော အလုပ်အကိုင်၊ အိမ်ထောင်ရေးနှင့် ကလေးမွေးဖွားခြင်း၊ အခက်အခဲကြုံတွေ့နေရသူများအတွက်အကူအညီ၊ တစ်ပတ်ရစ်အိမ်များ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းဝန်ထမ်းများ အငြိမ်းစားယူခြင်းအတွက် တစ်ခုတည်းသော ဝန်ဆောင်မှုများကို ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း တစ်ခုတည်းသော ဝန်ဆောင်မှုပုံစံကို မြှင့်တင်ရန်၊ လုပ်ထုံးလုပ်နည်းများကို သိပ္ပံနည်းကျဒီဇိုင်းထုတ်မည်ဖြစ်ပြီး စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များကို ချမှတ်ကာထုတ်ပြန်မည်ဖြစ်ကြောင်း လျှောက်လွှာလုပ်ငန်းစဉ်ကိုလည်း ရိုးရှင်းစေမည်ဖြစ်ပြီး တစ်နေရာတည်းတွင် ဝန်ဆောင်မှုများပါဝင်သည့် အပလီကေးရှင်းပစ္စည်းများသည် ဖေါင်ပုံစံမျိုးစုံကို ပေါင်းစပ်ပြီးဒေတာမျှဝေခြင်းဖြင့် မတူညီသောဒစ်ဂျစ်တယ်စနစ်များကြားတွင် ရိုးရှင်းပြီး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း တစ်စုတစ်စည်းတည်း ဝင်ရောက်နိုင်သော ဝင်းဒိုးတစ်ခုနှင့် ညှိနှိုင်းဆောင်ရွက်သည့် ယန္တရားတစ်ခုကို တည်ထောင်မည်ဖြစ်ပြီး ပြန်လည်သုံးသပ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးမှုအားလုံးကို မတူညီသောဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး

Agribusiness & Trade

အွန်လိုင်းနှင့် အော့ဖ်လိုင်းခွင့်ပြုချက်လုပ်ထုံးလုပ်နည်းများကို လည်းချိတ်ဆက်ထားမည်ဖြစ်ကြောင်း(အထောက်အထား) လက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်ကို အစီအမံများစွာဖြင့် မြှင့်တင်မည်ဖြစ်ပါကြောင်း ရလဒ်စာရွက်စာတမ်းများနှင့် အောင်လက်မှတ်များဆိုင်ရာ ဒစ်ဂျစ်တယ်ရှင်းလင်းချက်များကို တွန်းအားပေးခဲ့ကြောင်း အဆိုပါ တစ်ခုတည်းသောဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးနိုင်စေရန်၊ အော့ဖ်လိုင်း ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုဝင်းဒိုးများနှင့် အွန်လိုင်းဝန်ဆောင်မှု ကော်လံများကို မြှင့်တင်ရန်၊ ဆက်စပ်အွန်လိုင်း ဝန်ဆောင်မှုစနစ်များနှင့် ဒေတာခွဲဝေမှု အပြန်အလှန်ချိတ်ဆက်မှုကို မြှင့်တင်ရန်နှင့် သက်ဆိုင်ရာစံနှုန်းများနှင့်စည်းမျဉ်းများ ချမှတ်ရန်လုပ်ဆောင်သွားပါမည်။ အစီအစဉ်များစွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် [China to bolster one-stop government services (www.gov.cn)](www.gov.cn)
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

........................................................................

## တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များထုတ်လုပ်မှုနှင့် ရောင်းအား ကမ္ဘာတွင်ထိပ်ဆုံးဖြစ်

တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ကားများ ထုတ်လုပ်ရောင်းချမှုသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံသည် အဆင့်မြင့်နည်းပညာသုံးစွဲသော ခေတ်မီထိပ်တန်းနိုင်ငံဖြစ်သည့် သက်သေဖြစ်ပင်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် စွမ်းအင်သစ်သုံးယာဉ်များ (New energy vehicles-NEVs) များထုတ်လုပ်မှုနှင့် ရောင်းအားသည် စံချိန်တင် အမြင့်ဆုံးကို ကျော်လွန်ခဲ့ပြီး အရေအတွက်အားဖြင့် ခုနှစ်သိန်းရှိခဲ့ကြောင်း တရုတ်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်းမှ အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမှ ဩဂုတ်လအထိ ပို့ကုန် ၃၄၀,၀၀၀ သို့ ရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ထက် ၉၇ ရာခိုင်နှုန်းကျော် တိုးလာကြောင်း ထုတ်လုပ်မှုနှင့် ရောင်းအားသည် ၂၀၁၅ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် news.cgtn.com/news/2022-10-12/China-s-NEV-production-sales-top-the world1e4wPeRMJiw/index.html#:~:text=China%27s%20Asso ciation%20of %20Automobile%20Manufacturers,over%2097%20percent%20from%202021
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

## တရုတ်နိုင်ငံသည် မော်တော်ယာဉ်တင်ပို့မှုတွင် ကမ္ဘာ့အဆင့်(၂)နေရာတွင်ရောက်ရှိ

တရုတ်နိုင်ငံ၏ မော်တော်ယာဉ် တင်ပို့မှုမှာ ပြီးခဲ့သည့် စက်တင်ဘာလက အရှိန်အဟုန်ဖြင့် ဆက်လက်တည်ရှိနေခဲ့ပြီး နိုင်ငံသည် ကမ္ဘာ၏နံပတ် (၂) မော်တော်ယာဉ်တင်ပို့ရောင်းချမှု ထိပ်တန်းနိုင်ငံနေရာကို ခိုင်မာစေခဲ့ကြောင်း စက်တင်ဘာလတွင် တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများမှ ကားအစီးရေ ၃၁၀,၀၀၀ တင်ပို့(ထွက်ခွာ)ခဲ့ကြောင်း (၁၁-၁၀-၂၂) ရက်နေ့တွင်ထုတ်ပြန်သော China Association of Automobile manufacturers ၏ အချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ အချက်အလက်များအရ ဩဂုတ်လတွင် စံချိန်တင်အမြင့်ဆုံးမှ ၂.၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ပြသခဲ့သော်လည်း မော်တော်ယာဉ်တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် ၇၄ ရာခိုင်နှုန်းနီးပါး တက်လာခဲ့ကြောင်း ပထမသုံးလပတ်အတွင်း စုစုပေါင်း တင်ပို့မှုမှာ အစီးရေ ၂ ဒသမ ၁၂ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅၅ ရာခိုင်နှုန်း တိုးလာပြီး ၂၀၂၁ ခုနှစ်တွင် စုစုပေါင်းတင်ပို့မှုထက်ပိုမိုခဲ့ပြီး တရုတ်၏ မော်တော်ယာဉ်တင်ပို့မှုသည် ပထမနှစ်တွင် အစီးရေ ၂ သန်းအထိ ရှိလာခဲ့သည်။

တရုတ်နိုင်ငံသည် ဩဂုတ်လတွင် ကမ္ဘာ့ဒုတိယအကြီးဆုံး မော်တော်ယာဉ် တင်ပို့ရောင်းချသူအဖြစ် ဂျာမနီကိုကျော်တက်ခဲ့ပြီး ယခုအခါ ဂျပန်ပြီးလျှင် ဒုတိယဖြစ်သည်။ ယခုနှစ် ပထမရှစ်လအတွင်း တရုတ်နိုင်ငံမှ အစီးရေ ၁.၈၂ သန်းခန့် တင်ပို့ခဲ့သည်။

အလားတူကာလအတွင်း ဂျာမနီနိုင်ငံမှ တင်ပို့မှုမှာ အစီးရေ ၁.၆၆ သန်းရှိကြောင်း ဂျာမန်မော်တော်ယာဉ်စက်မှုလုပ်ငန်းအသင်းမှ သိရသည်။ တရုတ်ကားထုတ်လုပ်သူများသည် ၎င်းတို့၏ ကမ္ဘာ့ဈေးကွက်ရှာဖွေရေးတွင် ပြန်လည်အားဖြည့်နေကြကြောင်း စက်တင်ဘာလတွင် နိုင်ငံ၏ အကြီးဆုံး SUV နှင့် ပစ်ကပ် ထုတ်လုပ်သူ Great Wall Motors သည် နိုင်ငံရပ်ခြားတွင် ကားအစီးရေ ၁၈,၀၀၀ ကျော်ရောင်းချခဲ့ပြီး ယင်းသည်တစ်လအတွင်း ၎င်း၏စုစုပေါင်းရောင်းချရမှု၏ ငါးပုံတစ်ပုံရှိကြောင်းယခုနှစ်အထိ ပြည်ပသို့ အစီးရေ ၁၁၂,၀၀၀ ရောင်းချခဲ့ရပြီး တစ်နှစ်ထက်တစ်နှစ် ၁၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း လျှပ်စစ်ဓာတ်အားရရှိရေးသည် ၎င်း၏မဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ပြီး ၎င်း၏ Go-Global နည်းဗျူဟာကို အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု ကားထုတ်လုပ်သူမှ ပြောကြားခဲ့သည်။

ဥပမာတစ်ခုကတော့ (၉-၁၀-၂၂)ရက်နေ့တွင် ထိုင်းဈေးကွက်တွင်း ဝင်ရောက်ခဲ့သော plug-in hybrid H6 SUV သည် မိနစ် ၄၀ ကြာမြင့်သည့် မိတ်ဆက်ပွဲအတွင်း ယင်းမော်ဒယ်အတွက် အမှာစာ ၁,၀၀၀ ကျော် ရရှိခဲ့ကြောင်း ကားထုတ်လုပ်သူမှ ပြောကြားခဲ့သည်။

တရုတ်ခရီးသည်တင်ကားများအသင်း၏ အထွေထွေအတွင်းရေးမှူး Cui Dongshu က လျှပ်စစ်ကားများနှင့် plug-in hybrid များပါဝင်သော စွမ်းအင်သစ်သုံးကားများသည် တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှု၏ မောင်းနှင်အား အသစ်တစ်ခုအဖြစ် ပေါ်ထွက်နေကြောင်း ပြောကြားခဲ့သည်။ ပထမသုံးလပတ်တွင် NEV တင်ပို့မှုသည် စုစုပေါင်းယူနစ် ၃၈၉,၀၀၀ ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် နှစ်ဆဖြစ်ကြောင်း အဆိုပါယာဉ်များ၏ ထိပ်တန်းသုံးနေရာများမှာ ဘယ်လ်ဂျီယံ၊ ဗြိတိန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း ဂျာမန် ကားအငှားကုမ္ပဏီ Sixt သည် တရုတ်နိုင်ငံ BYD မှ လျှပ်စစ်ကားအစီးရေ ၁၀၀,၀၀၀ ဝန်းကျင်ဝယ်ယူရန်အတွက် ယခုလအစောပိုင်းတွင် သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါဝယ်ယူမှုသည် ၂၀၂၈ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။ သဘောတူညီချက်၏ပထမအဆင့်တွင် BYD သည် Sixt သို့ EV ထောင်ပေါင်းများစွာကို ပို့ဆောင်ပေးမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ယခုနှစ် စတုတ္ထသုံးလပတ်တွင် စတင်ရောင်းချနိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်သူ SAIC Motor သည် စက်တင်ဘာလတွင် ကားအစီးရေ ၉၉,၀၀၀ တင်ပို့ခဲ့ကြောင်း ၎င်းတို့အထဲမှ MG4 EV ၁၀,၀၀၀ သည် ဥရောပသို့ တင်ပို့ရန်ဖြစ်ပြီး နိုင်ငံအသီးသီးရှိ ကားအရည်အသွေး စံချိန်စံညွှန်းအသစ်များအပေါ် အခြေခံထုတ်လုပ်ပေးကြောင်း တရုတ်နှင့် ဗြိတိသျှအသင်းများ၏ ကြိုးစားမှုရလဒ်များဖြစ်ကြောင်း စတုတ္ထသုံးလပတ်တွင် နိုင်ငံပေါင်း ၂၀ ခန့်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း အဆိုပါမော်ဒယ်သည် ၎င်း၏ တစ်နှစ်တာရောင်းအား အစီးရေ ၁၀၀,၀၀၀ အထိရောက်ရှိနိုင်သည့် ၎င်း၏ ပထမဆုံးပြည်ပဈေးကွက်အဖြစ် ဥရောပတွင် ကြီးထွားလာစေရန် ကူညီပေးမည်ဖြစ်ကြောင်း ကားထုတ်လုပ်သူမှ ပြောကြားခဲ့ကြောင်း SAIC သည် ၎င်း၏ရည်မှန်းချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ဥရောပ၌ အနည်းဆုံး NEVs အစီးရေ ၂၄၀,၀၀၀ ရောင်းချရန် ရည်မှန်းထားပြီး ထိုနှစ်တွင်ပင် နိုင်ငံရပ်ခြားဈေးကွက်များသို့ ကားအစီးရေ ၁.၅ သန်း ပို့ဆောင်ရန် ရည်မှန်းထားကြောင်း ပထမသုံးလပတ်တွင် တရုတ်နိုင်ငံပြင်ပတွင် အလုံးရေ ၆၈၈,၀၀၀ ရောင်းချခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၆ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် [China at No 2 in vehicle exports in Sept - Chinadaily.com.cn]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………

Agribusiness & Trade

## တရုတ်နိုင်ငံ၏ ဝန်ဆောင်မှု တင်သွင်းမှုနှင့် ပို့ကုန်တန်ဖိုး မြင့်တက်လာ

တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း ယွမ် ၃.၉၄ ထရီလီယံ (ဒေါ်လာ ၅၅၀ ဘီလီယံ) ဝန်းကျင်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၀.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၁၀-၁၁-၂၂) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ယင်းကာလအတွင်း ဝန်ဆောင်မှုတင်ပို့မှုမှာ ယွမ် ၁.၉၁ ထရီလီယံရှိခဲ့သော လွန်ခဲ့သည့်နှစ်ကထက် ၂၃.၁ ရာခိုင်နှုန်းတိုးလာပြီး သွင်းကုန် ယွမ် ၂.၀၃ ထရီလီယံ အရ နှစ်စဉ် ၁၇.၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ဝန်ဆောင်မှုတင်ပို့မှု ကြီးထွားမှုနှုန်းသည် သွင်းကုန်ထက် ၅.၂ ရာခိုင်နှုန်း မြင့်မားခဲ့ပြီး ယွမ် ၁၂၁.၀၈ ဘီလီယံတန်ဖိုးရှိ ဝန်ဆောင်မှုကုန်သွယ်မှုလိုငွေမှာ ယခုနှစ်အတွင်း တစ်နှစ်ထက်တစ်နှစ် ၂၉.၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဩဂုတ်လတစ်လတည်းတွင် တရုတ်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန် ပေါင်းစပ်ဝန်ဆောင်မှုများ တန်ဖိုးမှာ ယွမ် ၅၄၃.၇၉ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဇန်နဝါရီမှ ဩဂုတ်လအတွင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် အသိပညာအလေးပေးသော ဝန်ဆောင်မှုကုန်သွယ်မှု Knowledge-intensive trade in services သည် တဖြည်းဖြည်းကြီးထွားလာခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အသိပညာအလေးပေးသော ဝန်ဆောင်မှုများတွင် ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၁၁.၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ်ငွေ ၁ ဒသမ ၆၄ ထရီလီယံအထိ ရှိခဲ့ကြောင်း အသိပညာအထူးပြု ဝန်ဆောင်မှုများ တင်ပို့မှုမှာ ယွမ် ၉၂၉ ဒသမ ၇၉ ဘီလီယံရှိပြီး နှစ်စဉ် ၁၅.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပို့ကုန်တိုးတက်မှု၊ ဆက်သွယ်ရေးကွန်ပြူတာများနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများသည် ၂၄ ရာခိုင်နှုန်းနှင့် ၁၈ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးရှိပြီး အခြားစွမ်းဆောင်ရည်ထက် သာလွန်ကြောင်း အသိပညာ အထူးပြုဝန်ဆောင်မှုများ တင်သွင်းမှုပမာဏသည် ယွမ် ၇၁၃ ဒသမ ၄၈ ဘီလီယံရှိပြီး နှစ်စဉ် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ယင်းတို့အနက် အာမခံဝန်ဆောင်မှု တင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုနှုန်း ၆၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အလျင်မြန်ဆုံး တိုးတက်လာခဲ့ကြောင်း ခရီးသွားဝန်ဆောင်မှု ကုန်သွယ်မှုတွင် ယခုနှစ် ပထမ ရှစ်လအတွင်း ယွမ် ၅၄၂ ဒသမ ၆၆ ဘီလီယံအထိ ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ကထက် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ခရီးသွားဝန်ဆောင်မှုများ မပါဝင်ပါက တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းမှာ တစ်နှစ်လျှင် ၂၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ၂၀၁၉ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း ဝန်ဆောင်မှု တင်သွင်းမှုနှင့် ပို့ကုန်များ ၅၁ ဒသမ ၉ ရာခိုင်နှုန်း

Agribusiness & Trade

တိုးတက်ခဲ့ရာ ပို့ကုန် ၆၇ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီး ခရီးသွားဝန်ဆောင်မှုများ မပါဝင်ပါက သွင်းကုန် ၃၆ ရာခိုင်နှုန်း တိုးလာပါသည်။

ရင်းမြစ် China's service imports and exports rise in value – Chinadaily.com.cn

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

.................................................................................................................

## ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် Federal Statistical Office (Destatis) ၏ စာရင်းများအရ ငွေကြေးဖောင်းပွမှုနှုန်း (၁၀) ရာခိုင်နှုန်းထိရောက်ရှိခဲ့ပြီး ဩဂုတ်လထက် (၁.၉) ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့သည်။ စွမ်းအင်ကဏ္ဍဈေးနှုန်းများကို ထည့်သွင်းတွက်ချက်ခြင်းမပြုပါက ငွေကြေးဖောင်းပွမှုနှုန်းသည်(၆) ရာခိုင်နှုန်းတွင် ရှိနေပါသည်။ စွမ်းအင်ကဏ္ဍဈေးနှုန်းများသည် စက်တင်ဘာလတွင် ဩဂုတ်လထက်(၄၃.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ အိမ်ထောင်စုများမှသုံးစွဲသော အပူပေးဓါတ်ငွေ့၊ လောင်စာစွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားဈေးနှုန်းများအသီးသီးမြင့်တက်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ စားသောက်ကုန်ကဏ္ဍတွင် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဈေးနှုန်းများ တစ်ဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၈.၇)ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ပြီး အခြားကုန်စည်ဈေးနှုန်းများက (၁၇.၂) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍက (၃.၆) ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ပါသည်။ အလုပ်အကိုင်ရရှိမှုအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ (လုပ်သား ဦးရေ ၅၀ နှင့်အထက်လုပ်ငန်းများ) တွင် အလုပ်အကိုင်ခန့်ထားလုပ်ကိုင်မှုများမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် (၅.၅)သန်းခန့်ရှိပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ခရီး**သွားလာတည်းခိုမှုများနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၏ဝင်ငွေသည် ယခင်နှစ်ကာလတူထက် (၁၆.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ဇူလိုင်လထက် (၀.၆)ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း တွေ့ရှိ**ရပါသည်။

ဂျာမနီနိုင်ငံစီးပွားရေးကို ၂၀၂၃ ခုနှစ်တွင် ကျဆင်းလာရန် ခန့်မှန်းမှုများရှိနေပြီး ဖက်ဒရယ်စီးပွားရေးဝန်ကြီးဌာနက စီးပွားရေးတိုးတက်မှုနှုန်းကို ယခုနှစ်အတွက် ၁.၄ ရာခိုင်နှုန်းနှင့် ရှေ့နှစ်အတွက် ၀.၄ ရာခိုင်နှုန်းရရှိရန် ခန့်မှန်းထားရှိရာ ယခုနှစ် ဧပြီလအတွင်းက မူလခန့်မှန်းထားရှိသည့် ၂.၂ ရာခိုင်နှုန်းနှင့် ၂.၅ ရာခိုင်နှုန်းတို့ထက် လျော့နည်းခန့်မှန်းထားခြင်းဖြစ်ပါသည်။

စီးပွားရေးကျဆင်းမှုအတွက် ဖယ်ဒရယ်အစိုးရအနေဖြင့် တုန့်ပြန်ဆောင်ရွက်မည့်နည်းလမ်းများ၊ Relief Packages အစီအစဉ်များ (grants and tax cuts )ကို စောင့်ကြည့်မျှော်လင့်လျှက်ရှိကြပါသည်။

## ကုန်သွယ်မှုအခြေအနေ

ကုန်သွယ်မှုပိုင်းအနေဖြင့် ၂၀၂၂ ခုနှစ်ဩဂုတ်လတွင် Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံသည် ပို့ကုန်တန်ဘိုးစုစုပေါင်း ယူရို (၁၂၈.၇) ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် (၂၃.၁)ရာခိုင်နှုန်းပိုမိုတိုးတက်မှုရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံသည်အဓိက ပို့ကုန်စျေးကွက်ဖြစ်ပြီး ဩဂုတ်လကထက် (၄၂)ရာခိုင်နှုန်းပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ပြီး အများဆုံးတင်ပို့ကုန်များမှာ မော်တော်ကား၊ နောက်တွဲယာဉ်များဖြစ်ကာ အခြားအများဆုံးတင်ပို့ခဲ့သည့်နိုင်ငံများမှာ ပြင်သစ်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြပါသည်။ သွင်းကုန်တန်ဘိုးအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင်ယူရို(၁၂၈.၄) ဘီလီယံရှိခဲ့ရာ ၂၀၂၁ ခုနှစ်ကာလတူထက် (၃၈.၁)ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပြီး တရုတ်နိုင်ငံသည် ယူရို (၁၅.၉)ဘီလီယံဖြင့် အဓိကသွင်းကုန်တင်သွင်းသူ ဖြစ်ခဲ့ပါသည်။ ရုရှားနိုင်ငံမှ ရေနံနှင့်ဓါတ်ငွေ့တင်သွင်းမှုများ လျော့ကျခဲ့ပြီး ဩဂုတ်လသွင်းကုန်မှာ ၂၀၂၁ ခုနှစ် ကာလတူထက် (၅၉.၄)ရာခိုင်နှုန်းလျော့နည်း၍ ယူရို(၂.၇) ဘီလီယံရှိခဲ့ပြီး ပို့ကုန်မှာ ယူရို (၁.၂)ဘီလီယံ ရှိခဲ့ခြင်းကြောင့် သွင်းကုန်လျော့ကျမှုရှိလာသော်လည်း လက်ရှိအခြေအနေတွင် ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုတွင် သွင်းကုန်ကပို့ကုန်ထက်များနေဆဲဖြစ်သည်။ အမေရိကန်နိုင်ငံနှင့်မူ ပို့ကုန် အသာစီးရရှိပြီး ဩဂုတ်လတွင် နှစ်နိုင်ငံကုန်သွယ်မှုမှ ပို့ကုန်ပိုငွေ ယူရို(၄.၉) ဘီလီယံရှိခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် ဂျာမနီနိုင်ငံတွင် ဩဂုတ်လ၌ ကုန်သွယ်မှုပိုငွေ ယူရို(၀.၃)ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူတွင် ပိုငွေ (၁၁.၆) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

## မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်ဩဂုတ်လ၌ မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို (၅.၂၄၈) သန်း (အမေရိကန်ဒေါ်လာ ၅.၃၁၄ သန်း) နှင့် သွင်းကုန် ယူရို (၁၄၉.၃၁၃)သန်း(အမေရိကန်ဒေါ်လာ ၁၅၁.၂၂၉ သန်း)ရှိခဲ့ကြောင်း Federal Statistical Office (Destatis)၏ စာရင်းများအရ လေ့လာတွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ပို့ကုန် အမေရိကန်ဒေါ်လာ (၅.၄၆၈)သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ (၁၁၃.၇၈)သန်းနှင့် နှိုင်းယှဉ်လျှင် CMP အထည်ချုပ်လုပ်ငန်းများတင်သွင်းမှု ပိုမိုများပြားလာပြီး အီလက်ထရောနစ် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ပရိဘောဂများ၊ ရော်ဘာ၊

ပလပ်စတစ်၊ အထွေထွေ အသုံးအဆောင်များ စသည့်ပစ္စည်းများကိုလည်း ပိုမိုတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

Source:https://www.dw.com/en/economy-recession-rears-its-ugly-head-in-germany/a-63444401https://www.destatis.de/EN/Press/2022/10/PE22_439_51.html

https://www.destatis.de/EN/Press/2022/10/PE22_438_611.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.................................................................................

## ပြင်သစ်နိုင်ငံက ဂျာမနီနိုင်ငံသို့ ဓါတ်ငွေ့များစတင်ပို့ဆောင်ခြင်း

ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ကနဦးဆွေးနွေးသဘောတူညီချက်များအရ နှစ်နိုင်ငံအကြား ဓါတ်ငွေ့ပိုက်လိုင်းမှတဆင့် ဂျာမနီနိုင်ငံက ပြင်သစ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့ပေးဝေရန် သဘောတူညီမှုရှိခဲ့ကြပါသည်။ ယခုအခါ ပြင်သစ်နိုင်ငံသမ္မတ Mr.Emmanuel Macronနှင့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် Mr.Olaf Scholz တို့သည် စက်တင်ဘာလအတွင်းက စွမ်းအင်ကဏ္ဍ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုသဘောတူညီမှုတစ်ခုကို ဆွေးနွေးရရှိခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများအရ မူလအစီအစဉ်ကို ပြန်လည် ပြင်ဆင်၍ ပိုက်လိုင်းအတွင်း နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး ပြင်သစ်နိုင်ငံဘက်ကစတင်၍ ပထမဦးဆုံးအကြိမ်အဖြစ် ဂျာမနီနိုင်ငံဘက်သို့ ၁၃.၁၀.၂၀၂၂ ရက်နေ့တွင် ဓါတ်ငွေ့စတင်ပို့ဆောင်ခဲ့ပါသည်။

ဥရောပဓါတ်ငွေ့ပေးဝေမှုဦးဆောင်ကုမ္ပဏီကြီးဖြစ်သည့် GRTgaz က ပြင်သစ်နိုင်ငံအနေဖြင့် အီးယူဒေသတွင်း အကျပ်အတည်းကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းနိုင်ငံအချင်းချင်းပေါင်းစည်းညီညွတ်မှုကို ဓါတ်ငွေ့တိုက်ရိုက်ပို့ဆောင်ခြင်းဖြင့် ပြသလိုက်ခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ပြင်သစ်နိုင်ငံသမ္မတ Mr.Emmanuel Macron ကလည်း မိမိတို့ အီးယူနိုင်ငံအချင်းချင်း ညီညွတ်မှုမရှိလျှင် ကြီးမားသည့်အခက်အခဲ ဆုံးရှုံးမှုများနှင့် တွေ့ကြုံရနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။

ပြင်သစ်နိုင်ငံသည် မူလကပင် ရုရှားနိုင်ငံမှစွမ်းအင်တင်သွင်းမှုအပေါ် ဂျာမနီနိုင်ငံကဲ့သို့ များစွာ မှီခိုခဲ့ခြင်းမရှိသော်လည်း နိုင်ငံတွင်းရှိ နျူကလီးယားဓါတ်ပေါင်းဖို(nuclear reactors)

(၅၆) ခု၏ ထက်ဝက်ခန့်သည် ပြုပြင်ထိန်းသိမ်းမှု သို့မဟုတ် လုံခြုံရေးအရစစ်ဆေးမှုများပြုလုပ်နေသည့် အခြေအနေတွင် ရှိနေပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် ပြင်သစ်နိုင်ငံမှဓါတ်ငွေ့ပို့ဆောင်မှုဖြင့် လျှပ်စစ်ဓါတ်အားထုတ်ယူရရှိနိုင်ပြီး ပြင်သစ်နိုင်ငံ ပါဝါဂရစ်လိုင်းများဘက်သို့လည်း ပြန်လည်ပို့ဆောင်နိုင်ရန် စီစဉ်ထားရှိပါသည်။ အဆိုပါလျှပ်စစ်ဓါတ်အားကို ဂျာမနီနိုင်ငံအနောက်တောင်ပိုင်းနယ်စပ်ဒေသကို ဖြတ်သန်း၍ တစ်နေ့လျှင် (၃၁) gigawatt-hours စီးဆင်းပို့ဆောင်နိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓါတ်အား အများဆုံးထုတ်လုပ်နိုင်စွမ်းအားမှာ တစ်နေ့လျှင် (၁၀၀) gigawatt-hours ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/france-starts-sending-natural-gas-directly-to-germany/a-63425604

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

အီတလီနိုင်ငံ၊ ရောမမြို့အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့( Food and Agriculture Organization- FAO) မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွက် စာနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food price Index-FFPI) သည် ဩဂုတ်လထက် ၁.၅ မှတ်(၁.၁ ရာခိုင်နှုန်း) ကျဆင်းခဲ့ပြီး၊ ပျမ်းမျှ ၁၃၆.၃ မှတ်ရှိခဲ့ရာ ဆဌမမြောက်လအနေဖြင့်ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း FFPI ညွှန်းကိန်းကျဆင်းမှုသည် နိုင်ငံတကာဟင်းရွက်ဆီဈေးနှုန်းသိသိသာသာကျဆင်းခဲ့မှုနှင့် သကြား၊ အသားနှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများအသင့်အတင့်ကျဆင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ နံစားသီးနှံဈေးနှုန်းညွှန်းကိန်း (Cereal Price Index) မှာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၄၇.၃ မှတ်ရှိခဲ့ပြီး ဩဂုတ်လထက် ၂.၂ မှတ် (၁.၅ ရာခိုင်နှုန်း) မြင့်တက်ခဲ့ကြောင်း၊ နိုဝင်ဘာလနောက်ပိုင်းတွင် ပင်လယ်နက်ဆိပ်ကမ်းများမှ အစေ့အဆံများတင်ပို့ရန် သေချာမှုမရှိခြင်းနှင့် ယူကရိန်းပို့ကုန်များအပေါ် သက်ရောက်နိုင်မှုအလားအလာမြင့်မားနေခြင်းတို့ကြောင့် နိုင်ငံတကာဂျုံဈေးနှုန်းမှာလည်း ၂.၂ ရာခိုင်နှုန်း ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

စက်တင်ဘာလတွင် နိုင်ငံတကာဆန်ကြမ်းဈေးနှုန်းသည် ၀.၄ ရာခိုင်နှုန်းနှင့် ပြောင်းဆံဈေးနှုန်းသည် ၀.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဩစတြေးလျနှင့် ရုရှားနိုင်ငံတို့တွင် နံစားသီးနှံ

ဖြစ်ထွန်းမှု အလားအလာကောင်းများ ရှိနေခြင်းကြောင့် နိုင်ငံတကာဘာလီဈေးနှုန်းသည်လည်း ၃.၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အမေရိကန်တွင်နံ့စားသီးနှံများ ဖြစ်ထွန်းမှုကျဆင်းခဲ့သည့် အတွက် နံ့စားပြောင်းဈေးနှုန်းမှာ ၁၃.၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်း(Vegetable Oil Price Index) မှာ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလကတည်းက အနိမ့်ဆုံးအမှတ်သို့ကျဆင်းခဲ့ရာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၅၂.၆ မှတ်ရှိခဲ့ပြီး တစ်လချင်းအလိုက် ၁၀.၈ မှတ် (၆.၆ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ ယင်းသို့ ညွှန်းကိန်းဆက်လက်ကျဆင်းခဲ့ခြင်းသည် စားအုန်းဆီ၊ ပဲပိစပ်စပ်ဆီ၊ နေကြာဆီနှင့် မုန်ညှင်းဆီဈေးနှုန်း ကျဆင်းခဲ့ခြင်းနှင့် အထူးသဖြင့် ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းကျဆင်းခဲ့မှုမှာ အရှေ့တောင်အာရှနိုင်ငံများတွင် ရာသီအလိုက် ဆီထုတ်လုပ်မှုမြင့်တက်မှုနှင့် ဆီအများအပြားသိုလှောင်ထားရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်း ညွှန်းကိန်း (Dairy Price Index) မှာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၄၂.၅ မှတ်ရှိခဲ့ပြီး ဩဂုတ်လထက် ၀.၈ မှတ် (၀.၆ ရာခိုင်နှုန်း)ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၄.၄ မှတ် (၂၀.၇ ရာခိုင်နှုန်း) မြင့်တက်နေသေးကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် နို့ထွက်ပစ္စည်းများဈေးနှုန်းသည်လည်း အသင့်အတင့်ကျဆင်းခဲ့ကြောင်း၊ အသားဈေးနှုန်းညွှန်းကိန်း (Meat Price Index)သည် စက်တင်ဘာလတွင် ပျမ်းမျှ ၁၂၁.၄ မှတ်ရှိခဲ့ပြီး ဩဂုတ်လထက် ၀.၆ မှတ် (၀.၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ ငွေကြေးအတက်အကျများ၏ သက်ရောက်မှုများနှင့် ဘရားဇီးနိုင်ငံမှ အမဲသားအဓိကတင်ပို့မှုမြင့်တက်ခဲ့မှုတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် အမဲသားဈေးနှုန်း ကျဆင်းမှုကြုံခဲ့ကြောင်း၊ သို့ရာတွင် ဥရောပသမဂ္ဂနိုင်ငံများတွင် ဝက်ကောင်ရေတင်ပို့မှု ကျဆင်းခဲ့ခြင်းကြောင့် နိုင်ငံတကာဝက်သားဈေးနှုန်းမှာ အတက်ဘက်တွင်ရှိခဲ့ကြောင်း၊ သကြားဈေးနှုန်းညွှန်းကိန်း (Sugar Price Index) မှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လကတည်းက အနိမ့်ဆုံးအမှတ်သို့ ရောက်ရှိခဲ့ရာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၀၉.၇ မှတ်ရှိခဲ့ပြီး ဩဂုတ်လထက် ၀.၈ မှတ် (၀.၇ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ သကြားအများဆုံး တင်ပို့သည့် ဘရာဇီးလ်နိုင်ငံတွင် သကြားထုတ်လုပ်မှု အလားအလာကောင်းများနှင့် အီသနောဈေးနှုန်းကျဆင်းခြင်းကြောင့် သကြားထုတ်လုပ်ရန် ကြံအသုံးပြုမှုပိုမိုများပြားလာခြင်းသည် သကြားဈေးနှုန်းကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း သိရှိရပါသည်။

မြန်မာသံရုံး

ရောမမြို့

………………………………………………………………………………………………